သန္တာစင်
ဝိညာဉ်ရေးဂျာနယ်စာစောင်

သူ၏ စကားကို ကြားသောသူအပေါင်းတို့သည်
သူ၏ ပညာကိုင်း၊ စကားအဖြေကိုင်း အံ့ဩကြ၏။
လုကာ ၂း၄၇

| | | | |
|---|---|---|---|
| အမှတ်စဉ် (၁၀) | ဇွန်လ | ၂၀၀၂ ခုနှစ် | ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် ) |

# ကျေးဇူးကြီးပေ၊ တို့ ဒယ်ဒီ



ခေါင်းစဉ်က တစ်မျိုးကြီးပဲနော်၊ အဲနောက်တိုင်း ဆန်လိုက်တာလို့ ထင်ကြမှာဘဲ၊ ကျွန်မ သိတတ်စအရွယ်ကတည်းက ဖေဖေ ကသူ့ကို ဒယ်ဒီ လို့ဘဲခေါ်ခိုင်းလို့ နှုတ်ကျိုးနေတာနဲ့ စာရေးတော့လဲ ဒီအတိုင်းဘဲရေးလိုက်မိတာပါ။ ဒယ်ဒီ့ ရဲ့မေတ္တာဟာ ကျွန်မ အပေါ်သိပ်ပြီး ကြီးမားလွန်းတယ်ဆိုတာ ကျွန်မ ဘယ်လိုမှ ငြင်းလို့မရပါဘူး။ ဒယ်ဒီ ဟာကျွန်မရဲ့ မိခင်နဲ့အိမ်ထောင်ပြုပြီး တဲ့နောက်မှာ သူ မိရိုးဖလာကိုးကွယ်လာတဲ့ဘာသာကို စွန့်လွှတ်ပြီး ခရစ်ယာန်ဘာသာထဲကို ပြောင်းလိုက်ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ ခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံပြီး ကရင်ပြည်နယ် ကမမောင်းကျေးရွာ မှာနှစ်ခြင်းမင်္ဂလာခံယူတဲ့အချိန်မှာ ကျွန်မလဲ မွေးဖွားလာတဲ့အတွက် ကျွန်မ ဖေဖေ ရဲ့ ယုံကြည်ခြင်းသက်တမ်းဟာ ကျွန်မရဲ့ အသက်နဲ့ အတူတူပါဘဲ။

ဒယ်ဒီ ဟာအစိုးရဝန်ထမ်းဖြစ်လို့ တာဝန်ကျရာဒေသတွေမှာ တာဝန် သွားရောက်ထမ်းဆောင်ချိန်မှာ ကျွန်မတို့မောင်နှမတွေဟာ အမေနဲ့ဘဲ အိမ်မှာနေခဲ့ ရပါတယ်။ ဒီတော့ ဒယ်ဒီဟာ ကျွန်မတို့ကိုမချစ်ဘူးလို့ ကျွန်မရဲ့အသွေးအသား ထဲမှာစွဲနေခဲ့ပါတယ်။ ဒါပေမဲ့ ဒယ်ဒီဟာ တစ်ပါတ်တစ်ခါ (သို့) နှစ်ပါတ်တစ်ခါ အိမ်ကိုပြန်လာတိုင်း ရာသီပေါ်စားစရာတွေကို အိမ်မှာ စားလို့မကုန်နိုင်လောက် အောင်ယူဆောင်လာခဲ့ပါတယ်။ ဒီတော့ ကျွန်မ ဒယ်ဒီကို ဘာလုပ်သလဲလို့မေးရင် ဒယ်ဒီ ကကျန်းမာရေးမှူးတစ်ယောက်ပါ။ ဒယ်ဒီ ဟာသူတတ်တဲ့ပညာနဲ့ ကျွန်မတို့ မောင်နှမတွေကို ရှာဖွေကျွေးမွေးပြီး လူလားမြောက်အောင် ပညာတတ်အောင် သင်ပေးခဲ့ပါတယ်။ လူ့အောက်တန်းမကျအောင်ထားခဲ့ပေမဲ့ ကျွန်မဟာ ဒယ်ဒီရဲ့ မေတ္တာကို အရောင်ဆိုးခဲ့ပါတယ်။

ဒယ်ဒီဟာ ကျန်းမာရေးမှူးဖြစ်လို့ သူတာဝန်ကျရာနေရာတွေမှာ လူမမာ တွေကို ဆေးဝါးကုသပေးရာမှာ အခကြေးငွေမယူခဲ့ဘူးဆိုတာ ယနေ့ထိတိုင် ကျန်းမာရေးမှူးလောကမှာ မေးကြည့်ရင် ရာနှုန်းပြည့်အာမခံကြမှာသေချာပါတယ်။ ဒယ်ဒီ့ ကိုကျွန်မက ဖလောရင့်နိုင်တင်ဂေးဘွဲ့ ပေးလို့ရရင် ပေးလိုက်ချင်ပါတယ်။ ဒယ်ဒီဟာ ကျွန်မတို့ကို ငယ်ငယ်လေးကတည်းက ရိုက်နှက်ဆုံးမမှု မပြုခဲ့ပါဘူး။ သူဟာ စကားနဲ့နားဝင်အောင် အကျိုးအကြောင်းဆင်ခြေပေးပြီး ဆုံးမခဲ့ပါတယ်။ ဒီလမ်းဟာကောင်းတယ်၊ ဟိုလမ်းဟာမကောင်းဘူး၊ ဒီနည်းကကောင်းတယ်၊ ဟိုနည်းကမကောင်းဘူး၊ ကြိုက်ရာရွေးတဲ့၊ ပညာရှိ ပီသစွာသွန်သင်ခဲ့တဲ့ ကျွန်မရဲ့ ဖခင်ဟာ ကမ္ဘာ့အကြံပေးအရာရှိ အနေနဲ့ ကျွန်မခန့်အပ်လိုက်ချင်ပါတယ်။ ကျောင်းသားဘဝတုံးက သင်ခဲ့ဖူးတဲ့ "စားဝတ်နေရေး ငွေရှာပေး၊ ကျေးဇူးကြီးပေ တို့ဖေဖေ၊ ငယ်စဉ်ကာလ စည်းကမ်းပြ၊ ဆုံးမခဲ့ပေ တို့ဖေဖေ။" ဆိုတဲ့ ကဗျာလေးကို သတိရမိပါတယ်။ စားဝတ်နေရေးအပြင် ကျွန်မတို့ကို စည်းကမ်းနဲ့နေတတ်အောင် သွန်သင်ခဲ့ပါတယ်။ ကျွန်မတို့မောင်နှမတွေဟာ ညနေ ၆ နာရီကျော်ရင် အိမ်အပြင် ထွက်ခွင့်မရပါဘူး၊ အိမ်အပြင်ထွက်ကစားလို့ ညနေ ၆နာရီကျော်မှ ပြန်လာရင် ဒယ်ဒီ ကခြံတံခါးကို ပိတ်လိုက်ပါတယ်။ အိမ်ထဲဝင်ချင်ရင် အမေရဲ့ ဆုံးမမှုနဲ့ ဒယ်ဒီရဲ့ ဆူပူမှုကိုခံပြီးမှဝင်ခွင့်ရပါတယ်။ စည်းနဲ့ကမ်းနဲ့နေတတ်အောင် ဆုံးမသွန်သင်ခဲ့တဲ့ ဒယ်ဒီရဲ့ ကျေးဇူးတွေကို သမီးအခုနားလည်ပါပြီ။ သားသမီးတွေကို စိတ်ဆိုးအောင် ဒယ်ဒီဟာ မလုပ်ခဲ့သလို ညဘက်အပြင်က ပြန်လာရင် စားစရာတွေဝယ်လာပြီး သားသမီးတစ်ယောက်စီကို နှိုးပြီးကျွေးပါတယ်။ အမေကစိတ်တိုလို့ ဆူပူရင်လဲ ဘာတစ်ခွန်းမှမတုန့်ပြန်ဘဲ သားသမီးတွေစားတာကို ပြုံးပြီးကြည့်ရင်း ပီတိ ဖြစ်နေတတ်ပါတယ်။


ဒယ်ဒီ ခေါ်ရင် ကျွန်မဘယ်တော့မှ ဒယ်ဒီ ဆီမသွားခဲ့ပါဘူး၊ ဒယ်ဒီက သမီး လို့ခေါ်ရင် 'ငါ့ကိုခေါ်တာ မဟုတ်ဘူး၊ ကျန်တဲ့ သမီးတွေကိုခေါ်တာ ' ဘဲဆိုပြီးလျစ်လျူရှုခဲ့ပါတယ်။ ဒယ်ဒီက နွေရာသီကျောင်းပိတ်ရင် သူတာဝန်ကျတဲ့ ဒေသတွေဆီ ကျွန်မတို့မောင်နှမတွေကို ခေါ်သွားလေ့ရှိပါတယ်၊ ဒါပေမဲ့ ကျွန်မ ကတော့ ဒယ်ဒီ့နောက်မလိုက်ဘဲ အမေ့ရဲ့အမျိုးတွေရှိတဲ့ မော်လမြိုင်ကို သွားလေ့ရှိပါတယ်။ တစ်နေ့တော့ ဒယ်ဒီကပြောတယ်၊ သမီးကျောင်းပိတ်ရင် မော်လမြိုင် လုံးဝမသွားရဘူး ဒယ်ဒီ့နောက်လိုက်ရမယ်တဲ့၊ ဘယ်ရမလဲ မော်လမြိုင်က အဖွားဆီ စာရေးတိုင်လိုက်တာနဲ့ အဖွားရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ ကျွန်မမော်လမြိုင်ကို သွားခွင့်ရခဲ့ပါတယ်။ ဒယ်ဒီ့ကို ဒီလိုလေးလုပ်လိုက်ရမှ ကျွန်မရင်ထဲကျေနပ်သွားတာပေါ့။

တစ်နေ့တော့ ကျွန်မဟာ ကားတိုက်မှုဖြစ်ပြီး အောက်ပိုင်းမလှုပ်နိုင်တဲ့ မသန်မစွမ်းဘဝကိုရောက်သွားခဲ့ပါတယ်။ ဆေးရုံပေါ်မှာ ကျွန်မဟာ လနဲ့ချီပြီး ဆေးဝါးကုသမှု ခံယူခဲ့ရပါတယ်၊ အဲဒီအချိန်မှာ ဒယ်ဒီဟာ တစ်နေ့မှ မပျက်ကွက်ဘဲ ကျွန်မဆီလာခဲ့ပါတယ်။ ကျွန်မက အားနာလို့ "ဒယ်ဒီရယ် မလာပါနဲ့ သမီး နေကောင်းပါတယ်" ဆိုတာတောင် နံနက်တစ်ခါ၊ ညနေတစ်ခါ ထမင်းချိုင့် ပို့တဲ့အလုပ်ကို မညည်းမညူလုပ်ရင်း ကျွန်မကိုပြုစုခဲ့ပါတယ်။ ဆုတောင်းနည်းတွေ သင်ပေးခဲ့ပါတယ်။ ဒီနေ့ စင်ကာပူမှာ ကျွန်မလာပြီးအလုပ်လုပ်နိုင်တာ ဒယ်ဒီ့ရဲ့ ပံ့ပိုးအားပေးမှုတွေ အများကြီးပါပါတယ်။ စိတ်ဓါတ်မကျအောင် ဆေးပညာရှုထောင့်၊ လူမှုရေးရှုထောင့်၊ ဝိညာဉ်ရေးရှုထောင့် အမျိုးစုံနဲ့ အားပေးခဲ့သလို အင်္ဂလိပ်စကား ပြောကိုလဲ သူကိုယ်တိုင်ကျွန်မကို လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ ဒီနေ့မှာတော့ ဒယ်ဒီဟာ အမှုတော်ဆောင်လုပ်ငန်းမှာ သူတတ်တဲ့ဆေးပညာနဲ့ အချိန်ပြည့် ပါဝင် ဆက်ကပ်နေပါတယ်။

ဒါကြောင့် ကျွန်မရဲ့ ဒယ်ဒီနဲ့တကွ ဖခင်များအားလုံးကို ၁၆-၆-၂၀၀၂ နေ့မှာကျရောက်တဲ့ ဖခင်များနေ့မှာ "ကျေးဇူးကြီးပေ၊ တို့ဖေဖေ"လို့ဂုဏ်ပြုပါရစေ။ ဒယ်ဒီ့ရဲ့ မေတ္တာတွေဟာ ပြောလို့မကုန်နိုင်ပါဘူး၊ နောက်များမှာအချိန်ရရင် ထပ်ပြီးဂုဏ်ပြုဖို့ ချန်ထားလိုက်ပါတယ်။ **မလေး ( ဂျူလိုင် )**


မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်

# ရာပြတ်ကင်းသော ဥယျာဉ်မှူး



ချိုမြိန်တဲ့ မင်းရဲ့ အနမ်း
စာချုပ်နဲ့ မဖမ်းဖို့တော့ လိုမယ်။
တခါက ယုဒရှကာရုတ်
သုံးဆယ်တန် နှုတ်ခမ်းနဲ့
ငါ့ ပါးကို လေလံတင်ခဲ့ဖူးတယ်။
သေခြင်းရဲ့ နိဒါန်း
အပြစ်ရဲ့ ကျော့ကွင်းအတွက်
ဧဒင်ထဲက ပန်းသီးကို လက်ညှိုးထိုးတတ်တဲ့
မင်းလေးကို ငါခုထိ ချစ်နေရဆဲ...
မင်းရဲ့ဆန္ဒ လောင်းရိပ် ကင်းစေဖို့
ရွေးချယ်ခွင့် တံခါးကို
တစ်ခြမ်းလေးတောင် ငါမစေ့ထားခဲ့ပါဘူး...
တချို့က စီးပွားရေး
တချို့က ဝါသနာ
တချို့က ဖက်ရှင်သဘော
ပန်းတွေကို စိုက်ကြပေမဲ့
အားလုံးဟာ ဥယျာဉ်မှူးမဟုတ်...
ရလဒ်ကို ပဓါနမထား
တော်ဝင် သဇင်ကို ဆွတ်ကြင်သလို
ပိုးတိုးပန်းကိုလဲ ငါမြတ်နိုးတယ်...
တောင်ဝှေး တစ်ချောင်းနဲ့
ငါ့သိုးတွေကို စောင့်ရှောက်ခဲ့တဲ့ မင်း
ရှိစု မဲ့စု အိမ်မွေးခြံပေါက်လေး
မြေခွေးစာ ဖြစ်သွားတဲ့နေ့က
အားလုံး မှားသွားကုန်ပြီတဲ့
ကြေကွဲစွာနဲ့ ငါ့ကိုကျောခိုင်း
တိတ်ဆိတ်စွာ ပေါက်ကွဲ
Why me ? ဆိုတဲ့
သံသယ လေးညှို့ရှင်ရယ်
ဥပေက္ခာမြှား ခ နေတဲ့ ငါ့နှလုံးသား
စကာပေါက် ဖြစ်လောက်ရောပေါ့...
မဟာစေစားချက်ကို ကျေပွန်ခဲ့လည်း
နိနဝေမြို့ ပြာဘုံမဖြစ်တော့၊
ကြိမ်မီးအုံး ဒေါသနဲ့ ပြစ်တင်စောခဲ့တဲ့
ယောန လို မဖြစ်စေချင်ဘူးကွယ်...
နောက်ကျမှ လာသူကို
ရှေ့က မင်းနဲ့ရောပြီး
ဒေနာရီ တစ်ပြား ချီးမြှင့်မိတဲ့
ငါ့ရဲ့ ရက်ရောမှုဟာ
မင်း ဖြူစင်မှုကို အရောင်ဆိုးမိလို့လား...
တကယ်တော့ ငါဟာ
ပန်းချစ်တဲ့ ဥယျာဉ်မှူးပါ
မင်း ဘယ်ပန်းဖြစ်ဖြစ်၊ ရှိတဲ့နေရာမှာ မွှေးစမ်းပါ၊
ရနံ့ချင်း ပြိုင်တာ မင်းအလုပ်မဟုတ်
ရလဒ်ကို ကြေးညှိစရာမလို
ပင်ယံမှာ နွမ်းရိလို့ ကြွေသက်သွားတဲ့ တစ်နေ့
မင်းရဲ့ ဝိညာဉ်ပန်း
ငါ့ရဲ့ နန်းပလ္လင်မှာ လန်းရွှင်စွာ
မွှေးထုံသင်း နေဖို့ဘဲ မဟုတ်လားကွာ... ...
**ဝင်းမြင့်ဦး** ( ၂၈-၄-၂၀၀၂ )

# ကိုယ်တော်ပြုသည့်အမှုများ (၃)



ပြောင်းလဲလာသော မိတ်ဆွေမ တစ်ဦးက တစ်နေ့တွင် ကျွန်ုပ်အား လူနာတစ်ယောက် အကြောင်း ဖုန်းဖြင့်အသိပေးသည်။ ထိုသူမှာ မယုံကြည်သူဖြစ်ပြီး ခါးမကြာခန နာသည်မှာ ၂နှစ်ခန့် ရှိကြောင်း၊ ဤနိုင်ငံတွင် တရားမဝင် နေထိုင်နေသည်မှာ ၅ နှစ်ခန့် ရှိပြီဖြစ်ကြောင်း၊ ယခု ခါးနာပြင်းထန်လွန်း သဖြင့် အိမ်ပြန်လိုသောကြောင့် ပြန်ရန် စီစဉ်နေကြောင်း ဖြစ်သည်။ ( ဆုတောင်းပေးရန်ပြောဆိုခြင်းမဟုတ်ပါ။)

ထိုသူသည် ခရစ်တော် အကြောင်းကို ကြားဖူးသူ ဖြစ်သော်လည်း ယုံကြည်သူမဟုတ်ပါ။ ခရစ်ယာန်ကို သာမာန်ဘာသာတစ်ခု အဖြစ် သိထားသော်လည်း ခရစ်တော်၏ တန်ခိုးကိုမသိပါ။ သူ့ခရီးစဉ်အတွက်လိုအပ်သော ခရီးသွားစာအုပ်ကို စုံစမ်းနေခြင်းသာဖြစ်သည်။ မကြာခင် ထိုသူအား ဖုန်းဖြင့် အဆက်အသွယ်ရသည်။ ထိုသူက သူလိုအပ်သော အရာ ရမရမေးသည်။ " မင်းအခုလို မထိုင်နိုင်၊ မထနိုင် ဖြစ်နေတဲ့ အခြေအနေမှာ ဘယ်လိုခရီးထွက်မလဲ၊ နေကောင်းမှ အောက်လမ်းက ပြန်ပါ " ဟုပြောလိုက်ရာ သူမနေနိုင်အောင် နာကြောင်း၊ ဆေးကုတာ ၂လရှိပြီဖြစ်ကြောင်း ဆေးကုခ သူ့တွင်ရှိသော်လည်း ဆရာဝန်က ခွဲစိတ်ကုသရမည်၊ ကျောရိုးချဉ်ဆီ ဖောက်ရမည်ဟု ဆိုလာသောကြောင့် ဤနိုင်ငံတွင် တရားမဝင် နေထိုင်သူ အနေနှင့် ဆေးရုံ မည်သို့တက်မည်နည်း။

"မင်းကို ဆုတောင်းပေးချင်တယ်၊ မင်းရဲ့ သူငယ်ချင်းတွေပြန်လာရင် တွဲပြီး လိုက်ပို့ခိုင်းပါ။" ဟုပြောလိုက်ရာ သူ့အတွက် မလွယ်ကူကြောင်း သူငယ်ချင်းများက ကူညီမှာ မဟုတ်ကြောင်း ပြောသည်။ ဆုတောင်းခြင်း တန်ခိုးကို သိသူမဟုတ်သောကြောင့် ထပ်မခေါ်တော့ဘဲ ဖုန်းဖြင့် ဆုတောင်းပေးပြီး "နောက်ထပ် မိနစ်အနည်းငယ် ကြာလျှင် လမ်းထလျှောက်ပါ " ဟုပြောလိုက်သည်။ ထိုသူမှာ တစ်နေ့လုံး အိပ်ယာထဲတွင်နေရပြီး ညမိုးချုပ်မှ ပြန်လာသော သူငယ်ချင်းများ တွဲပို့မှသာ အပေါ့အပါး သွားနိုင်သောသူဖြစ်သည်။ ထို့ကြောင့် "မင်း ကိုယ့်ဘာသာ အိမ်သာသွားတက်ပါ" ဟု မှာလိုက်သည်။ ကျွန်ုပ်ကိုယ်တိုင်ကမူ ဘုရားရှင်ထံ အသနားခံ ဆုတောင်းလိုက်ပါသည်။ ဘုရားတန်ခိုးတော်ခံစားရ၍ နတ်ဆိုး၊ ဝိညာဉ်ဆိုး ချုပ်နှောင်မှုမှ လွတ်ရပါမည့် အကြောင်း ဆုတောင်းပေးလိုက်သည်။ မကြာပါ အဖြေရပါသည်။

ညနေ ၆နာရီ၌ ဖုန်းမှတဆင့် ဆုတောင်း ပေးခဲ့ပြီး ည ၇း၃၀ တွင် ထနိုင်၊ လှုပ်ရှားနိုင်ပြီဆို၏။ နောက်တစ်နေ့တွင် ထိုသူသည် သူနေထိုင်ရာ စင်ကာပူမြို့ အရှေ့အစွန်မှ ကျွန်ုပ်နေထိုင်ရာ အနောက်စွန်ထိ တစ်ဦးတည်း အရောက်လာခဲ့ပါသည်။ တက္ကစီကားနှင့် လာခြင်း ဖြစ်သော်လည်း ကောင်းစွာ လမ်းလျှောက်နိုင်သဖြင့် ရပ်ကွက်ဈေးတွင်ဆင်းကာ သစ်သီးများ လက်ဆွဲကျွတ်ကျွတ်အိတ်နှင့် အပြည့် ဝယ်ယူဆွဲကိုင်လာနိုင်သည်အထိ အကောင်းပကတိ ဖြစ်နေကြောင်းတွေ့ရ၍ အလွန်ဝမ်းမြောက်မိပါသည်။ သူ့အားဝေငှသက်သေခံ၍ ဖတ်ရန်ဝိညာဉ်ရေးရာ စာအုပ်များပေးလိုက်ပြီး မြို့ပတ်ရထားပေါ်တင်ကာ ပြန်ပို့ပေးလိုက်သည်။ နောက်ရက်များတွင် ဖုန်းဖြင့် သက်သေခံခဲ့ပြီး အသင်းတော်မှ လူငယ်များလဲ သူ့အိမ်အထိသွား၍ သက်သေခံ ဝေငှနိုင်ခဲ့ပါသည်။

၅ ရက်ခန့်အကြာတွင် ခရီးကြမ်းမှတဆင့် အိမ်ပြန်သွားနိုင်ခဲ့ပြီး စင်ကာပူတွင် တရားမဝင် နေထိုင်ရသော ဘဝ လွတ်မြောက်သွားခဲ့ပါသည်။ သူ၏ဇာတိမှာ မော်လမြိုင် ဖြစ်သည်။ "ဤမျှ တန်ခိုးကြီးသော ဘုရားကို သူသိပြီ၊ ထိုဘုရားကိုသာ ကိုးကွယ်တော့မည်၊ ဟိုရောက်လျှင်ဘုရားရှိခိုးကျောင်း ရှာ၍တက်မည် " ဟုဆိုသွားပါသည်။ ကျွန်ုပ်ကလည်း အချိန်တိုလေး အတွင်းတွင် ခရစ်ယာန်အသက်တာ နှင့်ပတ်သက်သော အရေးကြီးသည့် သင်ခန်းစာများကို အရေးပေါ်ဝေငှခဲ့ရပါသည်။

ဘုရားရှင်သည် အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူ၏၊ အံ့ဘွယ်အမှု ပြုနိုင်ခြင်းမှာ မဆန်းပါ။ ရဲရင့်သော ယုံကြည်ခြင်းဖြင့် ရဲရင့်စွာ ဝေငှနိုင်ရန် အရေးကြီးသည်။ တန်ခိုးတော်ကို အကြွင်းမဲ့ယုံလျှင် နိမိတ်လက္ခဏာကို တွေ့မြင်ရမည်ဖြစ်သည်။

**စန်းစန်းမြင့်** (စင်ကာပူ )

မည်သူမဆို စာမူများ ရေးသားပေးပို့ နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂနနှင့် ငြိစွန်းပါတ်သက်သော စာမူများကို လုံးဝလက်မခံပါ။) ရောက်ရှိလာသော စာမူများအား အလျဉ်းသင့်သလို အလှည့်ကျ ဖော်ပြပေးသွားပါမည်။

သခင့်စကား အမှတ်စဉ် ( ၁၀ ) ၏ ကုန်ကျစရိတ်ကို ငွေအားဖြင့် မျိုးစေ့ကြဲဝါဝင်သော ဇွန်လမွေးနေ့ ၅ခု နေသူရှိန်မောင် အား ဘုရားသခင် ကောင်းကြီးပေးပါစေ။

# စာတန်သည် သင့်၏ငြိမ်သက်ခြင်းကို အဘယ်ကြောင့် ခိုးယူလိုသနည်း



ငြိမ်သက်ခြင်း ကသာ ကျွန်ုပ်တို့အား သန့်ရှင်းသော ဝိညာဉ်တော်နှင့် နီးကပ်စေသည်။ ငြိမ်သက်ခြင်း၌ အစွမ်းတန်ခိုးရှိသည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်က ကျွန်ုပ်တို့အတွက် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်သည့် ငြိမ်သက်ခြင်းကို ပေးခဲ့သောကြောင့်ဖြစ်သည်။ (ယော ၁၄း၂၇)

စိတ်အနှောက်အယှက်ကြောင့် မငြိမ်မသက်ဖြစ်သောအခါ ကျွန်ုပ်တို့အပေါ်၌ သန့်ရှင်းသောဝိညာဉ်တော်၏ ဩဇာအာဏာလွှမ်းမိုးမှု မရှိတော့ပါ။ ထိုအခါ စာတန်အမှောင်တန်ခိုးက လွယ်ကူစွာ ချုပ်ကိုင်သွားပါသည်။ မည်သူမဆို စိတ်လှုပ်ရှား၍ စိတ်ဓါတ်ကျဆင်းသည့်အခါ နှုတ်မှထွက်လာသော ကြမ်းတမ်းခက်ထန်မာကြောသည့် စကားများက စာတန်မွေးထားသော မီးထဲသို့ လောင်စာထပ်၍ထည့်ပေးလိုက်သလို ဖြစ်သွားရသည်။ ထိုအမှုကို ဘုရားရှင်မနှစ်သက်ပါ။ ထိုအခါ အခြေအနေမှာ ပို၍ ခက်ခဲကျပ်တည်းလာလိမ့်မည်။ ထွက်ပေါက်နှင့် ပို၍ဝေးကွာ လာပါလိမ့်မည်။ ( ယာကုပ် ၃း၅–၆ ) လျှာသည်သေးငယ်သော်လည်း ကြီးသောမီးကို လောင်စေနိုင်သည်။ လျှာကို မထိန်းချုပ်နိုင်သောသူသည် ရှုံးနိမ့်သူဖြစ်သည်။ ရန်သူမာရ်နတ်က ထိုအခြေအနေမျိုး ရောက်အောင်ဖန်တီးနေကြောင်း သင်မမေ့ပါနှင့်။ ( ၂ကော ၂း၁၁ ) မာရ်နတ်သည် သူအသုံးချမည့်သူကို ရှာဖွေနေသည်။ ( ၁ပေ ၅း၈ ) သင့်ငြိမ်သက်ခြင်းကို ချိုးဖျက်ပြီးသည်နှင့် သူတပါး၏ ငြိမ်သက်ခြင်းကို ထိုးဖောက်ရန် သင့်ကို အသုံးချလိမ့်မည်။ ထို့ကြောင့် မာရ်နတ်ခြေကုတ် မယူနိုင်ရန် သင့်နှလုံးကို သတိနှင့်စောင့်ရှောက်ပါ။

ယေရှုခရစ်သည် ငြိမ်သက်ခြင်းအရှင်ဖြစ်သည်။ သင့်အတွက်ငြိမ်သက်ခြင်းကို အမွေအဖြစ် အပိုင်ပေးအပ်ခဲ့ပြီးဖြစ်သည်။ ထိုအရာကို သင်ယုံပါ။ သင့်နှလုံးသား၌ ဝမ်းမြောက်ငြိမ်သက်ခြင်းရှိရန် ဘုရားသခင်အလိုရှိသည်။ သို့မှသာ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် သင့်ထံမှတဆင့် ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဝမ်းမြောက်ဖွယ် ဧဝံဂေလိ သတင်းစကားကို လောကီသားတို့အား ဝေငှနိုင်လိမ့်မည်။ ( ဖိ ၄း၄–၉ ) အရာရာ၌ ငြိမ်သက်စွာဖြင့် ကျေးဇူးတော် ချီးမွမ်းပါ။

သင်သည် စိတ်အနှောက်အယှက်ဖြစ်လျှင် ဝမ်းမြောက်ခြင်းမရှိ၊ ငြိမ်သက်ခြင်း ရှုံးပြီ။ ခွန်အားချိနဲ့သွားမည်။ ထိုသို့ဖြစ်ရန် ရန်သူက စီစဉ်နေသည်၊ သို့သော် သင်သည်ငြိမ်ဝပ်စွာဖြင့် ရဲရင့်စွာရပ်တည်ပါလျှင် ယုံကြည်ခြင်းတန်ခိုးကြောင့် ရန်သူ့အားဖြိုခွင်းနိုင်ရန် ခွန်အားအစွမ်းသတ္တိ ပြည့်ဝစွာ ရှိနေလိမ့်မည်။ ( ဟေရှာယ ၃၀း၁၅ ) သို့သော် ထိုငြိမ်သက်ခြင်းကို ရရန်အတွက် သင်ကိုယ်တိုင် ကျင့်ကြံ၍ ရုန်းကန်ဖို့ မကြိုးစားပါနှင့်။ (ယော ၁၅း၅ ) ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြဟု ခရစ်တော်က မိန့်မှာထားသောကြောင့် ကျွန်ုပ်တို့သည် အရာခပ်သိမ်းကို ယေရှုနာမဖြင့်သာ ရရှိနိုင်မည်။

(ယော ၁၄း၂၇ ) "သင်တို့ စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း မရှိစေနှင့် " ဟု ဆိုထားပြီး ဖြစ်သောကြောင့် ပူပန်တုန်လှုပ်ခြင်းများကို ယေရှုဘုရားနာမ၌ သင့်နှလုံးသားထဲမှ ဖယ်ရှားနှင်ထုတ်ပါ။ ခရစ်တော်ပေးထားပြီးသော ငြိမ်သက်ခြင်းကို ယေရှုနာမ၌ ပြန်လည်ရယူပြီဟု ကြွေးကြော်ပါ။ ပြဿနာကသင့်ကို မထိုးဖောက်ပါစေနှင့်၊ ပြဿနာကို ရှောင်၍သွားရန်လည်း ကိုယ်ဉာဏ်ကို အမှီမပြုပါနှင့်၊ နှုတ်ကို ကျယ်ကျယ်ဖွင့်၍ ကျေးဇူးတော်ကို ချီးမွမ်းပါ။ ( ဆာလံ ၈၁း၁၀ ) ထိုအခါ သင်သည် မာရ်နတ်ကို အောင်နိုင်သောသူဖြစ်ပြီ။

* ဖိ ၄း၄–၇ သခင်ဘုရား၌ အစဉ်မပြတ်ဝမ်းမြောက်ခြင်း ရှိကြလော့။ တဖန်ငါဆိုသည်ကား ဝမ်းမြောက်ကြလော့၊ ... ... ထိုသို့ပြုလျှင် အဘယ်သူမျှ ကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။

* ယော ၁၄း ၂၇ ငြိမ်သက်ခြင်းကို သင်တို့၌ ငါထားခဲ့၏၊ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အားငါပေး၏ သင်တို့စိတ်နှလုံးပူပန်ခြင်း စိုးရိမ်တုန်လှုပ်ခြင်း မရှိစေနှင့်။

* လု ၂း၉–၁၄ ကြောက်ရွံ့ခြင်းမရှိကြနှင့်၊ လူအပေါင်းတို့သည် အလွန်ဝမ်းမြောက် ဝမ်းသာစရာ သတင်းကို ငါသည် သင်တို့အား ကြားပြောရ၏။ ... ... မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်း ရှိစေသတည်း။

( ဝန်ခံချက် ။ ဂျိုက်စ်မီယာ ၏ 'ငြိမ်သက်ခြင်း' မှ ကောက်နှုတ်တင်ပြပါသည်။ )

[ ဒေါ်လေး ဟန္ဒ ]

oooooooooooooooooooooooooooooooooooooooooooooo

# စစ်မှန်သောချစ်ခြင်းမေတ္တာ၏အဓိပ္ပါယ်



*စစ်မှန်သော ချစ်ခြင်း ဆိုသည်မှာ*

ဝေမျှခြင်း နှင့် နားလည်ခြင်း

ပေးဆပ်ခြင်း နှင့် ခွင့်လွှတ်ခြင်း

ချစ်ခြင်း နှင့် ကြင်နာခြင်း

အတူတကွ လက်တွဲ လျှောက်လှမ်းခြင်း

နှလုံးသားနှင့် စကားပြောခြင်း

တစ်ဦး နှင့် တစ်ဦး နားလည်စွာ ကြည်ဖြူခြင်း

ဝမ်းမြောက်သောသူတို့ နှင့် အတူ ဝမ်းမြောက်ခြင်း

ငိုကြွေးသော သူတို့နှင့်အတူ ငိုကြွေးခြင်း

တစ်ဦး နှင့် တစ်ဦး စိတ်နှလုံးပါစွာ ဆုတောင်းပေးခြင်း

ဤ ချစ်ခြင်းမေတ္တာ ကို ဝေမျှခံစားခွင့် ရသည့်အတွက် ဘုရားသခင် အား အကြွင်းမဲ့ ယုံကြည်ကျေးဇူးတင်ခြင်း ဖြစ်ပေါ်လာပါသည်။

ဤ စစ်မှန်သော၊ လှပသော ချစ်ခြင်းမေတ္တာသည် သင်၏ နှလုံးသားကို ချီးမွမ်းခြင်း နှင့် ပြည့်ဝစေသည်သာမက သင့်ဝိညာဉ် ကိုလည်း ရှင်လန်းကြီးပွား စေပါလိမ့်မည်။

( **The meaning of true love** ကဗျာကို ဆီလျော်အောင် မြန်မာပြန်ဆိုပါသည်။ )

[ လျှ။လျှ ]

# ငရဲအကြောင်း သိကောင်းစရာ

*"ငရဲ မရှိဘူး" လို့ သင်ကြားဖူးပါသလား။*

<u>'ငရဲ မရှိဘူး' လို့ ဘယ်သူပြောလဲ၊</u>

သမ္မာကျမ်းစာက 'ငရဲ မရှိဘူး' လို့ မပြောပါ။

**ဘုရားသခင်သည် တရားသဖြင့် စီရင်သော ဘုရားဖြစ်၍ မတရားသောသူကို တစဉ်တမျက် ထွက်တော်မူ၏။ ( ဆာလံ ၇း၁၁ )**

ဘုရားသခင်က 'ငရဲ မရှိဘူး' လို့ မပြောပါ။

**မတရားသောသူတို့နှင့် ဘုရားသခင်ကို မေ့လျော့သော တမျိုးသားတပေါင်းတို့သည်၊ မရဏာနိုင်ငံသို့ နှင်ခြင်းကို ခံရကြလိမ့်မည်။ ( ဆာလံ ၉း၁၇ )**

ခရစ်တော် က 'ငရဲ မရှိဘူး' လို့ မပြောပါ။

**ညီအစ်ကို ကို ကျိန်ဆဲသောသူသည်၊ ဂေဟန္နာ အရပ်၌ မီးရှို့ခြင်းကို ခံထိုက်ပေ၏။ ( မ ၅း၂၂ )**

(( သင်၏လက်သည် သင့်ကို မှားယွင်းစေလျှင် လက်ကိုဖြတ်လော့၊ ပိုးမသေ မီးမငြိမ်းရာ ငရဲအတွင်း မငြိမ်းနိုင်သော မီးထဲသို့ လက်နှစ်ဘက်စုံနှင့် ဝင်ရသည်ထက် လက်ချို့တဲ့၍ အသက်ရှင်ခြင်းသို့ ဝင်စားသော် သာ၍ကောင်း၏။ ခြေသည် သင့်ကိုမှားယွင်းစေလျှင် ခြေကိုဖြတ်လော့၊ ... ... ... သင်၏မျက်စိသည်လည်း သင့်ကိုမှားယွင်းစေလျှင် မျက်စိကို ထုတ်လော့၊ ... ... ... မျက်စိတစ်ဖက်နှင့် ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်စားသော် သာ၍ကောင်း၏။ မာကု ၉း၄၃–၄၈ ))

ငရဲ အမှန်တကယ် ရှိပါတယ်။

<u>'ငရဲ ရှိတယ်' လို့ ဘယ်သူပြောလဲ။</u>

သမ္မာကျမ်းစာ က'ငရဲ ရှိတယ်' လို့ ပြောပါတယ်။

( ငရဲ နှင့် ပါတ်သက်သော သွန်သင်မှုများသည်၊ သမ္မာကျမ်းစာတွင် အခန်းကြီး ၂၃၄ တွင်ပါဝင်ပြီး၊ အကြိမ်ပေါင်း ၂၅၈ ကြိမ်ဖော်ပြထားပါသည်။ )

ဘုရားသခင်က 'ငရဲ ရှိတယ်' လို့ ပြောပါတယ်။

**သင်သည် ရောက်လာသောအခါ အောက်အရပ် မရဏာနိုင်ငံသည် ကြိုဆိုအံ့သောငှာ လှုပ်လေ၏။. ဟေရှာယ ၁၄း၉**

ခရစ်တော်က 'ငရဲ ရှိတယ်' လို့ ပြောပါတယ်။

**ကျိန်ခြင်းကို ခံရသောသူတို့ မာရ်နတ်နှင့် သူ၏တမန်တို့အဖို့ ပြင်ဆင်သော ထာဝရမီးထဲသို့ ငါ့ထံမှ ခွာသွားကြလော့။ မဿဲ ၂၅း၄၁**

သူဌေးကြီးက 'ငရဲ ရှိတယ်' လို့ ပြောပါတယ်။

**အကျွန်ုပ်၌ ညီ ၅ယောက် ရှိပါသည်ဖြစ်၍ သူတို့သည် ဤပြင်းပြစွာ ခံရာအရပ်သို့ မရောက်မည်အကြောင်း ... ... လုကာ ၁၆း၂၇–၂၈**

**ထို့ကြောင့် မရဏာနိုင်ငံသည် မိမိလောဘကို ကျယ်စေ၍ မိမိပါးစပ်ကို အတိုင်းအရှည်မရှိဘဲ ဖွင့်ဟသဖြင့် သူတို့၏ ဂုဏ်အသရေ အလုံးအရင်း အသံဗလံပြုခြင်း၊ ရွှင်လန်းခြင်းတို့သည် ဆင်းမြုပ်ရကြ၏။ ဟေရှာယ ၅း၁၄**

ဘယ်သူတွေ ငရဲ သွားရမှာလဲ။

<u>ယေရှုခရစ်တော်ကို မယုံကြည်သူများ။</u>

**မယုံကြည်သောသူမူကား၊ ဘုရားသခင်၏ တပါးတည်းသောသားတော်ကို မယုံကြည်သောကြောင့် ယခုပင် အပြစ်စီရင်ခြင်းကို ခံရကြ၏။ ယောဟန် ၃း၁၈**

(( ကြောက်တတ်သောသူ၊ မယုံကြည်သောသူ၊ စက်ဆုတ်ရွံရှာဖွယ်သောသူ၊ လူအသက်ကို သတ်သောသူ၊ မတရားသောမေထုန်၌ မှီဝဲသောသူ၊ ပြုစားတတ်သောသူ၊ ရုပ်တုကိုကိုးကွယ်သောသူ၊ သစ္စာပျက်သောသူ အပေါင်းတို့မူကား ဒုတိယသေခြင်းတည်းဟူသော ကန့်နှင့်လောင်သော မီးအိုင်ထဲ၌ မိမိတို့အဘို့ကို ရကြလိမ့်မည် ဟူ၍လည်းကောင်း ငါ့အားမိန့်တော်မူ၏။ ဗျာဒိတ် ၂၁း၈ ))

ငရဲ ထဲမှာ ဘယ်လောက် ကြာကြာ နေရမှာလဲ။

<u>ထာဝရ ကာလပါတ်လုံး နေရမယ်။</u>

**ထို ညှဉ်းဆဲခြင်း၏ မီးခိုးသည် ကမ္ဘာအဆက်ဆက် တက်လျက်ရှိ၏၊ သားရဲနှင့် သူ၏ရုပ်တုကို ကိုးကွယ်၍ သူ၏နာမ တံဆိပ်လက်မှတ်ကို ခံသောသူတို့သည်၊ နေ့ညမပြတ် သက်သာရကြဟု လိုက်၍ ကြီးသောအသံနှင့် ပြော၏။ ဗျာဒိတ် ၁၄း၁၁**

ဒါပေမဲ့ ... ဘုရားသခင်က ဘယ်လူသား တစ်ယောက်ကိုမှ ပျက်စီးခြင်း မရောက်စေချင်ဘူး၊ ကိုယ့်အပြစ်ကို ပြန်လည်ပြုပြင်ပြီး နောင်တရစေချင်တယ်။

**ငါတို့တွင် တစုံတယောက်မျှ မပျက်စီးဘဲ ရှိသမျှတို့သည် နောင်တ ရစေခြင်းငှာ အလိုတော်ရှိ၍ ငါတို့ကို သည်းခံတော်မူ၏။ ၂ပေ ၃း၉**

သခင်ယေရှုခရစ်ကို ယခုချက်ခြင်း မိမိ၏ ကယ်တင်ပိုင်ရှင် အဖြစ် လက်ခံလိုက်ပါ။ သူသည် သင့်ကို ကယ်တင်နိုင်မည့်သူတည်း။

**ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား ဘုရားသခင်၏သား ဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။ ထိုသားတို့မူကား လူမျိုးနှင့် စပ်ဆိုင်၍ ဖွားသောသားမဟုတ်၊ မေထုန်သံဝါသအားဖြင့် ဖွားသောသားမဟုတ်၊ လူ အလိုအလျောက် ဖွားသောသားမဟုတ်၊ ဘုရားသခင် ဖွားတော်မူသော သားဖြစ်သတည်း။ ယောဟန် ၁း၁၂–၁၃**

တခါတုန်းက သင်းအုပ်ဆရာတစ်ပါးဟာ "ခရစ်တော် ပြန်လာခါနီးပြီ၊ မိမိရဲ့ ဘဝအသက်တာကို ပြန်လည်ပြုပြင်ပြီး လမ်းမှားထဲက နောင်တရကြပါ။ ခရစ်တော်ကို မိမိရဲ့ ကယ်တင်ပိုင်ရှင် အဖြစ်လက်ခံယုံကြည်ပါ၊ ခရစ်တော်ဟာ သင့်ကို ကယ်တင်နိုင်တဲ့သူ ဖြစ်တယ် " လို့ ရွာတစ်ရွာမှာ တရားဟောခဲ့ပါတယ်။ နောက် တစ်နှစ်လောက်အကြာမှာ အဖိုးကြီး တစ်ယောက်က သင်းအုပ်ဆရာကို 'နင်ပြောတော့ နင့်ဘုရား ပြန်လာတော့မယ်ဆို အခုထိ ပြန်မလာသေးပါလား' လို့မေးတယ်။ သင်းအုပ်ဆရာ က 'သူပြန်မလာသေးတာ မဟုတ်ပါဘူး အမှောင်ထဲမှာရှိတဲ့သူတွေ အလင်းထဲ ပြန်လာပြီး မယုံကြည်သူတွေ ယုံကြည်သူဖြစ်လာအောင် အခွင့်အရေးနဲ့ အချိန်ပေးနေတာပါ' လို့ပြန်ဖြေလိုက်တယ်။

ဒါ ဖြစ်ရပ်မှန်လေးပါ။ အယောက်စီတိုင်း ဘုရားသခင် ကောင်းချီး ခံစားနိုင်ပါစေ။ ဘုရားပြင်ဆင်ထားသော အိမ်တော်မှာ ပြန်လည်ဆုံဆည်းနိုင်ပါစေ။ (ယောဟန် ၁၄း၁–၄ ) **[ ဆင်ကူးကြီး ]**

o o o o o o o o o o o o o o o o o o o o o o o o

# ဆုစပ်ကြောင်းလမ်းခြင်း

*ပင်စည် တစ်ခုတည်းက ဖြစ်ပေမယ့်၊ အမြင် မကြည်လင်လို့ နေကြတော့*
*အကိုင်းအခက် တွေကြားမှာ၊ ရှိုင်းပျ ဂုဏ်စက် လာကြပြီပေါ့ ---*

*ဖခင် တစ်ဦးတည်းက ဖြစ်ပေမယ့်၊ အတွေ့အမြင် အယူသီးနေတဲ့*
*သားသမီး တွေကြားမှာ၊ အတားအဆီး တွေခြားလာခဲ့ပြီပေါ့ ---*

*တစ်မြေ တစ်ရေတည်း နေကြပေမယ့်၊ အခွေအနေချင်း မတူတဲ့*
*အမျိုးသားချင်း တွေထဲမှာ၊ လူမျိုးစုတွေ ခွဲလာကြပြီပေါ့ ---*


*သခင် တစ်ပါးတည်း ကိုးကွယ်ပေမယ့်၊ စေ့အမြင် အရိုးစွဲနေတဲ့*
*ယုံကြည်သူ အသိုင်းဝိုင်းထဲမှာ၊ ဂိုဏ်းဂနတွေ ကွဲလာကြပြီပေါ့ ---*

*လူလူချင်း ဖြစ်ပေမယ့်၊ ဉာဏ်ပညာချင်း ကွာနေတဲ့*
*လူအလွှာကြားမှာ၊ အဆင့်ကွာခြား လာခဲ့ပြီပေါ့ ---*

*အဲဒီလိုသာ - ကျွန်တော်တို့ အသည်းကြားမှာ*
*လွဲမှား၊ ကွဲပြားပြီး ခွဲခြား နေကြရင်တော့ - - -*
*သခင့်မျက်နှာကို အိုးမည်းသုတ် သလို၊ အရုပ်ဆိုး နေတော့မှာမို့*

*ကျွန်တော်တို့ရဲ့ ဇာတိအပုပ်အသိုး တွေကို*
*နုတ်ကပါတ်တော် ရေ နဲ့ ဆေးကြော သန့်စင် ကြရအောင် - - - -*
**[ မင်းအောင်သက်လွင် ]**

# ကျေးဇူးတင်ပါတယ်ဖေဖေ



ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ကျေးဇူးရှင်ဖေဖေကို ရရှိခဲ့ပါတယ်။ ကျွန်မအတွက်တော့ ဖေဖေ ဟာ ကမ္ဘာပေါ်မှာ တန်ဖိုးအရှိဆုံးဖခင်လို့ ခေါ်ချင်ပါတယ်။ ဖေဖေဟာ မေမေနဲ့ အထက်တန်းကျောင်းသားဘဝမှာ ချစ်ကျွမ်းဝင်ပြီး အိမ်ထောင်ပြုခဲ့ပါတယ်။ ဖေဖေဟာ မေမေတို့ထက်ဆင်းရဲပြီး ပညာရေးမှာလည်း နိမ့်ကျပါတယ်။ ဖေဖေဟာ လူငယ်ဘဝမှာတုံးက မူယစ်ဆေးဝါးသုံးစွဲပြီး ဆိုးပေတေတဲ့ လူတစ်ယောက်ဖြစ်ပါတယ်။ ဒါကြောင့်ဖေဖေ့ကို မေမေ့ရဲ့အသိုင်းအဝိုင်းက မကြည်ဖြူခဲ့ပါဘူး။

ဒါပေမဲ့ ဖေဖေဟာ တခြားလူတွေနဲ့မတူဘဲ စိတ်ဆုံးဖြတ်ပြီး ကတိပေးရင် ကတိတည်တဲ့ ယောကျ်ား တစ်ယောက်ဖြစ်ပါတယ်။ သစ္စာစောင့်ပြီး ရဲစွမ်းသတ္တိ ရှိသူတစ်ဦးလည်း ဖြစ်ပါတယ်။ ဖေဖေနဲ့ မေမေဟာ တစ်ယောက်ကို တစ်ယောက်သိပ်ချစ်ကြပါတယ်။ ဘဝကို မောင်တစ်ထမ်းမယ်တစ်ရွက် သုည ကစပြီး အတူတူ ရုန်းကန်ခဲ့ကြပါတယ်။ ဖေဖေဟာ 'အလုပ်ဟူသမျှ၊ ဂုဏ်ရှိစွ' ဆိုတဲ့အတိုင်း ရရာအလုပ်ကို ကြိုးစားလုပ်ကိုင်ခဲ့ပါတယ်။ မေမေဟာလည်း ဖေဖေ့ကို အားပေးရင်း ပညာရေးတစ်ဖက်၊ သားသမီးတစ်ဖက်နဲ့ တွဲဖက်မူလတန်း ကျောင်းဆရာမလုပ်ပြီး ကြိုးစားခဲ့ပါတယ်။ ဖေဖေနဲ့မေမေ အိမ်ထောင်ပြုပြီး ၅နှစ်လောက်မှာ မေမေလဲဘွဲ့ရပြီး အစိုးရကျောင်းဆရာမဖြစ်သွားပါတယ်။ ဖေဖေဟာ ဇွဲမလျှော့တန်း ကြိုးစားခဲ့တာကြောင့် လုပ်ငန်းများ အောင်မြင်လာပါတယ်။

ဖေဖေဟာ ပျင်းရိခြင်းလုံးဝမရှိဘဲ အလုပ်ကို မနားမနေစူးစမ်းရှာဖွေရင်း လုပ်ကိုင်ကျွေးမွေးနေတဲ့ ခင်ပွန်းကောင်း၊ ဖခင်ကောင်းတစ်ဦး ဖြစ်ပါတယ်။ ဖေဖေ ဟာ မိသားစုအတွက် ငွေကြေးရှာဖွေ ပေးရုံတင်မကပါဘူး၊ ဘုရားသခင်ကို ချစ်ကြောက်ရိုသေတတ်အောင် အမြဲသွန်သင်ခဲ့ပါတယ်။ ဖေဖေဟာ ဘုရားသခင်ကို အမြဲဦးထိပ်ထားတဲ့ ဖခင်တစ်ဦး ဖြစ်ပါတယ်။

ဖေဖေ့ရဲ့ သွန်သင်မှုကြောင့် အိမ်မှာ နံနက်ဝတ်ပြုစည်းဝေးခြင်း၊ ညဝတ်ပြုခြင်းများကို နေ့တိုင်းပြုလုပ်ခဲ့ပါတယ်။ ဝတ်ပြုခြင်းမှာတစ်ယောက်ချင်း ဦးဆောင်တတ်အောင် ကျမ်းစာဖတ်ခြင်း၊ ကျမ်းပိုဒ်အလွတ်ရွတ်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ တနင်္ဂနွေနေ့တိုင်း မိသားစုအတူတူ ဘုရားကျောင်းသွား၍ ဝတ်ပြုကိုးကွယ်ခြင်းကိုလည်း ဖေဖေနှစ်သက်ခဲ့ပါတယ်။ အသင်းတော်မှာလည်း ဖေဖေ အမြဲပါဝင်ဆက်ကပ်ခဲ့ပါတယ်။

ဖေဖေဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို အထူးခံစားနေရပါတယ်။ သူလူငယ်ဘဝတုံးက သူ့ကို လူဆိုး လူပေတစ်ယောက်အဖြစ် မြင်ခဲ့၊ သိခဲ့ဖူးတဲ့ သူတွေဟာ ခုချိန်မှာ သူ့ကို အရမ်းချီးမွမ်းနေကြပါပြီ။ ဖေဖေ့ကိုလည်း အရမ်းချစ်ခင်အားကိုးနေကြပါတယ်။ အလုပ်ကြိုးစားပြီး မိသားစု သားသမီးများ ဘဝရှေ့ရေး မျက်နှာမငယ် ရအောင် အနွံတာခံပြီးချစ်တဲ့သူ၊ ဘုရားသခင်ကို ဦးထိပ်ထားပြီး ဘဝကို အရှုံးမပေးဘဲ ယုံကြည်ခြင်း ခိုင်မြဲသူဟာ ဖေဖေဘဲဖြစ်ပါတယ်။


ခုချိန်မှာတော့ ဖေဖေဟာ လောကီလုပ်ငန်းများကို မလုပ်ကိုင်တော့ဘဲ ဘုရားသခင်အတွက် အချိန်ပြည့် ဆက်ကပ်နေသူ ဓမ္မအမှုတော်ဆောင် သင်းအုပ်ဆရာတစ်ပါး ဖြစ်နေပါပြီ။ သူ့သားသမီးတွေ အားလုံးလည်း အရွယ်ရောက်နေကြပါပြီ၊ ခုချိန်ဆိုရင် ကျေးဇူးရှင် ဖေဖေနဲ့ မေမေ့ကို ကျေးဇူးဆပ်နေတဲ့ အချိန်ပေါ့၊ ဒါပေမဲ့ ဖေဖေနဲ့ မေမေတို့ရဲ့ နို့ရည်စက်၊ ချွေးရည်စက်၊ အနွံတာခံ မေတ္တာများအတွက် ဘယ်တော့မှ ကျေးဇူးဆပ်လို့ မကုန်နိုင်ဘူးဆိုတာ သိနေပါတယ်လေ။

ဝေးတစ်နေရာ ပုသိမ်မြို့ထဲမှာ ရှိသော ကျေးဇူးရှင် ဖေဖေနှင့် မေမေ့ကို 'ကျေးဇူးတင်ပါတယ်' လို့ စင်ကာပူနိုင်ငံမှ သမီးက ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျေးဇူးရှင် ဖေဖေ၊ မေမေ်နှင့်အတူ ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့ အနွံတာခံ မေတ္တာပိုင်ရှင် ဖခင်များအားလုံးကိုလည်း **HAPPY FATHER'S DAY** လို့ နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ။

( နော်ဖြူဝင်းထိုက်ဦး )

---

# အမေ့ထံ အိတ်ဖွင့်ပေးစာ




အမေ နေကောင်းတယ်နော်၊ အမေ့ကို သား သတိရမိတဲ့အချိန် ရောက်လာပြန်ပြီလေ။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကိုပြောင်းပြီ၊ ဒါပေမယ့် ကျွန်တော့်ရင်ထဲမှာ အစိုင်အခဲလို ထုချေဖျောက်ဖျက်လို့ မရနိုင်တဲ့ ခံစားချက်ကတော့ ရှိနေတုံးဘဲ။ မေလကို ရောက်ပြီဆိုရင် ကျွန်တော့်ရင်ထဲမှာရှိနေတဲ့ ဒီအစိုင်အခဲကြီးက လှုပ်ရှားပြီးနာကျင်နေတယ် အမေရယ်။ နောက်ပြီး ဘုရားကျောင်းကိုလဲ မသွားချင်ဘူး၊ မိခင်များနေ့ ရောက်ရင် ဘုရားကျောင်းမှာ လူတွေက မိခင်တွေကို အမှတ်တရ လက်ဆောင်တွေပေးပြီး ဂုဏ်ပြုကြလိမ့်အုံးမယ်။ အမေများအတွက် ဂုဏ်ပြုသီချင်းတွေ ဆိုကြလိမ့်အုံးမယ်၊ သူတို့တွေပျော်နေကြတယ်အမေ၊ ကျွန်တော်ကတော့ ဖြစ်နိုင်ရင် မိခင်များနေ့ကို မရှိစေချင်ဘူး။ ကျွန်တော့်ရှေ့မှာ မိခင် အကြောင်းမပြောနဲ့ ၊ မိခင်နဲ့ စပ်ဆိုင်တဲ့ သီချင်းတွေ မဆိုနဲ့လို့ တောင်ပြောလိုက်ချင်တယ်။

ကျွန်တော် ဒီလိုရေးတာ လွန်သွားလား အမေ၊ မှားသွားလားအမေ၊ အမေစဉ်းစားကြည့်ပါ။ အမေ့ဝမ်းကြာတိုက်ထဲက မွေးဖွား သန့်စင်လာတဲ့ ကျွန်တော် ဟာ လမ်းလျှောက်တတ်တဲ့ အရွယ်ကစပြီး အမေ့ရင်ခွင်နဲ့ ဝေးခဲ့ရတယ်။ လူလားမမြောက်ခင်ကတည်းက ဆိုပါတော့အမေရယ်။ အမေ့ရင်ခွင်ထဲမှာ ခေါင်းဝှေ့ပြီး ပျော်နေရမဲ့အရွယ်မှာ ကျွန်တော်ဟာ နို့ဘူးတစ်လုံးနဲ့ နှစ်သိမ့်ခဲ့ရတယ်။ အမေ့နို့ရည်နဲ့ ခွန်အားယူရမဲ့အရွယ်မှာ ထမင်းရည်ကျဲနဲ့ အသက်ဆက်ခဲ့ရတဲ့သူပါ။ ဒါတွေကို ပြန်တွေးရင် ကျွန်တော် ရင်နာတယ်အမေ။ ဝမ်းနည်းမိတယ်။ လူလားမြောက်တဲ့အရွယ်ရောက်တော့ ဘဝလမ်း ကြမ်းကြမ်းကို လျှောက်လှမ်းဖြတ်သန်းခဲ့ရတယ်။ သောကဝေဒနာတွေကိုလည်း အရွယ်နဲ့ မလိုက်အောင်ခံစားခဲ့ရတယ်။ ဒါ့ကြောင့် မိခင်များနေ့ကို မရှိစေချင်တာ ကျွန်တော် လွန်သွားလား။ မှားသွားလား။ အမေက ကျွန်တော့်ကို အပြစ်မြင်မှာဘဲနော်၊ ရင်ထဲမှာ ခံစားရလွန်းလို့ပါ အမေ။ ကျွန်တော့်ကို နားလည်ပေးပါ ... နော် အမေ။ အမေ့ရင်ခွင်ရဲ့ အရသာကို မသိလိုက်ရတဲ့ အမေ့သား၊ အမေ့ရဲ့ အပြုအစု အယုအယတွေကို မခံစားလိုက်ရတဲ့ သားမို့ မိခင်များနေ့ကို အလိုမရှိ ခဲ့တာပါ။ ကျွန်တော်အမှန်အတိုင်း ဝန်ခံလိုက် မယ်နော်၊ အမေ ကျွန်တော့်ကို စိတ်မဆိုးရဘူး၊ စိတ် မနာရဘူး၊ ကျွန်တော့်ရဲ့ နှလုံးသားနုနုလေးနဲ့ မခံစား နိုင်တော့လို့ မိခင်များနေ့ကို မရှိချင်ခဲ့တာပါ။ နာကျင်မှုတွေ အားလုံးကို ကျွန်တော်မေ့လိုက်ချင်ပြီ အမေ၊ 'ခလုတ်ထိမှ အမိတ' ဆိုတဲ့အတိုင်း ကျွန်တော်လည်း ဒုက္ခကြုံ၊ ယှဉ်မနိုင်တော့မှ အမေ့ကို သတိရမိပါတယ်။ တမွေးလောက် အိပ်စက်ခဲ့ရတဲ့ အမေ့ရဲ့အိမ်ကို သတိရမိတယ်။ ဘာလို့လည်းဆိုတော့ ကျွန်တော်က အိမ်နဲ့ဝေးလံ ခေါင်သီတဲ့နေရာကို ရောက်နေလို့ပေါ့။ 'ချစ်သူ့ရင်ခွင်' 'ရင်ခွင်နန်းတော်' 'နွေရင်ခွင်' ... အို ဗျာ ရင်ခွင်တကာတွေထဲက အနွေးထွေးဆုံးဟာ အမေ့ရင်ခွင် ပါလို့ပြောကြတဲ့သူတွေကို ကျွန်တော် ထောက်ခံရတော့မယ် အမေ။

အမေ့ ကို ကျွန်တော် ခံပြောတုံးက အမေ မျက်ရည်ကျဖူးတယ်နော်၊ သားကိုခွင့်လွှတ်ပါအမေ၊ သား နောင်တရပြီမို့ အမေ့ရဲ့ ဒုက္ခအိုးလေးကို ခွင့်လွှတ်ပါတော့နော်။ အမေ ကျွန်တော့်ကို ကိုးလလွယ်ပြီး ဆယ်လဖွားခဲ့တဲ့ ဒုက္ခတွေကို ပြန်တွေးမိတဲ့ အခါတိုင်း သားတော်မောင် မျက်ရည်ဝဲခဲ့ရပါတယ် အမေ၊ အသက်နဲ့ ရင်းပြီး ကျွန်တော့်ကိုမွေးခဲ့တယ် ဆိုတာကို

အမေ့သား စဉ်းစားတိုင်း တချိန်ကအမြင်ဆိုး အမြင်ရိုင်းတွေအတွက် ဝမ်းနည်းခဲ့ရတယ်။ အခု ကျွန်တော့် စိတ်ထဲမှာ မခိုလှုံဖူးတဲ့ အမေ့အရိပ်၊ မတိုးဝှေ့ဖူးတဲ့ အမေ့ရဲ့ရင်ခွင်၊ မထိတွေ့ဖူးတဲ့ အမေ့ရဲ့ အနမ်းတွေကို ပြန်ရချင်တယ်။ ပြန်လိုချင်တယ်၊ အမေ ကျွန်တော့်ကို လူ့လောကကြီးထဲ ရောက်အောင် မွေးထုတ်လာခဲ့တဲ့ ကျေးဇူးအကြွေးတွေ အတွက် ကြွေးဟောင်းဆပ်ခွင့် ပြုပါအမေ။


အမေ့ရဲ့ မေတ္တာစံအိမ်ထဲမှာ ကျွန်တော် ပျော်နေချင်တယ်၊ ဆရာကြီး ဦးသုခ ရဲ့ " အမေဟာ ကျွန်တော့် မျက်စိအောက်မှာ ဘာဘဲဖြစ်နေ ဖြစ်နေ၊ အမေဟာ အမေပါဘဲ " ဆိုတဲ့ အမှာစကား တစ်ချို့က ကျွန်တော့်နားထဲက မထွက်ဘူး အမေ။ ကျွန်တော် နောက်ထပ် အမေ့ကို စော်ကားတဲ့ အတွေးတွေ ဘယ်တော့မှ မတွေးတော့ပါဘူး အမေ၊ ပြီးခဲ့တဲ့ မိခင်များနေ့က စပြီး မခိုလှုံဖူးတဲ့ အမေ့ရဲ့ မေတ္တာရိပ်၊ ခွဲနွဲ့ပြီး မတိုးဝှေ့ဖူးတဲ့ အမေ့ရင်ခွင်ဆီကို ကြွေးဟောင်းတွေ ဆပ်ဖို့အတွက် အမေ့ရဲ့ ဒုက္ခအိုးလေးဖြစ်တဲ့ လမ်းပေါ်က လူဆိုး လူပေလေး လှည့်ပြန်လာခဲ့ပါပြီ အမေ ။ ။

အမေ ချစ်တဲ့ သားဆိုး

**[ ဇော်နှင်းပန်း ]**

---

*(ခံစားမှု ရသ ဝတ္ထုတို)*



ကျွန်မက ခရစ်ယာန် တစ်ယောက်ပေါ့၊ ခရစ်ယာန်မှ မွေးကတည်းက လုံးဝ ရေမရောတဲ့ ခရစ်ယာန်ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရဲ့ မိဘနှစ်ပါးကလည်း ခရစ်ယာန်လေ။ ဒီတော့ အလိုလိုနေရင်း ကျွန်မလည်း ခရစ်ယာန်ပေါ့နော်၊ ခရစ်ယာန်ဆိုတော့ တစ်ချို့ကပြောကြတယ်၊ သည်းခံနိုင်တယ်၊ ကူညီတတ်တယ်၊ စိတ်ကောင်းရှိတယ်တဲ့။ ဟုတ်တာပေါ့ ခရစ်ယာန် တရားတော်ကလဲ ဒီလိုဘဲသွန်သင်တယ်လေ။

ကျွန်မ ခရစ်ယာန်ဖြစ်တဲ့အကြောင်း လူတွေကို ကျွန်မက သိပ်သိစေချင်တာပေါ့၊ ဒီတော့ ရွှေဆွဲကြိုးမှာ ရွှေလက်ဝါးကပ်တိုင်ပုံ အရုပ်လေး ချိတ်ဆွဲပြီး သူများအလွယ်တကူ မြင်နိုင်အောင် အကျီအပြင်မှာတောင် ထုတ်ဆွဲထားလိုက်သေးတယ်။ ကျွန်မက ခရစ်ယာန်ဖြစ်ရတာကို သိပ်ပြီးဂုဏ်ယူတတ်တာလေ၊ ကြွားတာတော့ မဟုတ်ဘူးနော်၊

ခရစ်ယာန်ဆိုတဲ့ ဘဝနဲ့ ကြီးပြင်းလာတဲ့ ကျွန်မ ... တစ်နေ့ အလုပ်က အပြန်မှာ လိုင်းကားတစ်စီးကို စီးလာခဲ့တယ်။ လိုင်းကားဆိုတဲ့အတိုင်း ကားပေါ်ကို လူတွေ ကျပ်ကျပ်သပ်သပ်နဲ့ လုယက်တိုးဝှေ့တက်စီးကြတာပေါ့။ ကျွန်မကတော့ ဂိတ်စကတည်းက စီးလာတဲ့သူဆိုတော့ ထိုင်စရာနေရာ ကောင်းကောင်းကို လေဝင်လေထွက် ကောင်းတဲ့ ပြူတင်းပေါက်နားမှာ ရထားတယ်လေ။ ဒီတော့ လိုင်းကားစီးရတာ 'ဇိမ်' ပေါ့။ လမ်းတစ်လျှောက်လုံး ကားကရပ်လိုက်၊ လူတွေကလည်း ကျပ်သပ်ပြီး တိုးတက်လိုက်နဲ့ ရှုပ်ယှက်ခတ်နေတုံးမှာ အိုမင်းမစွမ်းဖြစ်နေတဲ့ အဖွားကြီးနဲ့ လူမမယ် မြေးမလေးတစ်ယောက် လူကြားထဲမှာ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ် တစ်မျိုးနဲ့ "အဆင်မပြေတဲ့ ဘဝများ၊ ကားကကျပ်၊ လူကတိုး၊ အသက်ကကြီး၊ လက်ထဲကပစ္စည်းကလဲလေးလိုက်တာ" လို့ရှိုညည်းသလိုညည်းနေတာပေါ့။

ဒါကိုမြင်ပေမဲ့ ကျွန်မ မျက်စိမှိတ် အိပ်ချင်ယောင်ဆောင်ပြီး ကားစီးလာလိုက်တာ အဖွားကြီးရဲ့ အသံစာစာက ကျွန်မရဲ့ မသိစိတ်ကို ခပ်ကြမ်းကြမ်းလေး ရိုက်ချိုးပစ်လိုက်သလို ခံစားလိုက်ရတယ်။ "ကျေးဇူးတင်လိုက်တာ ကလေးရယ်၊ အဖွားက အသက်ကြီးလာတော့၊ မြေးမလေးက အဖော်အနေနဲ့ အဖွားကို အကူအညီပေးတာလေ၊ ဒါနဲ့ ကလေးက ခရစ်ယာန်လား" တဲ့၊ ကျွန်မရဲ့ တစ်ကိုယ်လုံး လောကကြီးရဲ့ အပြင်ဘက်ကို ရောက်သွားသလို ခံစားလိုက်ရတယ်။ အဖွားအိုကို ထိုင်စရာ နေရာဖယ်ပေးလိုက်တဲ့ လူငယ်က သူဘယ်ဘာသာ ကိုးကွယ်ကြောင်း ရှင်းမပြပါဘူး။

"ကျေးဇူးတင်စရာ မလိုပါဘူးအဖွားရယ်၊ အသက်ကြီးသူကို ဖေးမကူညီပြီး၊ ရိုသေရမှာ မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှုပါ "တဲ့။ ကောင်းရော ... လည်ပင်းမှာဆွဲထားတဲ့ ရွှေလက်ဝါးကပ်တိုင် အရုပ်လေးကို မသိမသာ အကျီထဲပြန်ထည့်ရင်း ရွှေလက်ဝါးကပ်တိုင်ထဲက ခရစ်တော်ရဲ့ ရုပ်ပုံသာ စကားပြောတတ်ခဲ့ပြီး "မင်း ဒီနေ့ဘာလုပ်ခဲ့လဲ" လို့မေးခဲ့ရင် ကျွန်မရှက်လို့တောင် သေလိုက်မိမလားဘဲ။ ဒီနေ့ ခရစ်ယာန်လို့ အမည်ခံထားတဲ့ ကျွန်မ ဘယ်လိုလုပ်ရမလဲ။ 'ခရစ်တော်ရယ် ကျွန်မကို ခွင့်လွှတ်ပါ' လို့တောင်းပန်ရင်း နောက်တစ်ခါ လိုအပ်ရင် နေရာပေးဖို့ အဆင်သင့်ရှိပြီလားလို့ ခံစားလိုက်ရပါတယ်။ ကျွန်မလို မဖြစ်မိကြစေနဲ့နော်။ **မလေး [ ဂျူလိုင် ]**

---

## ငါ့ဝိညာဉ် အဘယ်လမ်းသို့ —

တနင်္ဂနွေနေ့
တိုးဝင်မိမှာန် လုပ်ဆောင်ပါဝင် နာယူတရား
ကြည်နူးဝမ်းမြောက် ပြည့်ဝဝိညာဉ် ငါပျော်မွေ့ခဲ့
တနင်္လာနေ့ မှ
စိတ်၏စေရာ လွှင့်မျောလုပ်ဆောင် လောကနောက်လိုက်
ဝမ်းနည်းပူဆွေး မပြည့်ဆန္ဒ ငါရှုန်းကန်ခဲ့
မှားယွင်းလျှောက်လှမ်း ငါ့အသက်တာ ဆင်ခြင်ကြည့်တော့
မှားမှန်းသိလျှက် ခိုင်မာလည်ပင်း
တနင်္လာနေ့ မှ စနေ တိုင်အောင်
ဆန့်ကျင်တရား အတ္တနောက်လိုက် ဓာတိအကြိုက်
ကျင်လည်ရင်းနဲ့ စိတ်နှလုံးမပါ လျှာဖျားဖြင့်သာ
ဒူးထောက်ခြင်းဖြင့် (ငါ) ထုတ်ယူအမြတ် ခရစ်တော်ရဲ့ .
"ခွင့်လွှတ်ခြင်း" ကို . . . .
ငြင်းပယ်အကျင့် ဘုရားမကြောက် လူကိုကြောက်လျှက်
နှုတ်က ဘုရား မှားယွင်းလက်က ကျယ်လောင်ဆုတောင်း
ခေတ်သစ် ဖာရိရှဲလော၊ ဟော်ဒန်ကျမ်းတတ် ပုဂ္ဂိုလ်လော၊
မသိတော့ပါ၊ ဒါပေမဲ့ (ငါ) မျှော်လင့်နေဆဲ ခရစ်တော်ရဲ့ .
"ကယ်တင်ခြင်း" ကို . . . .
လူသာ ညာလို့ရမည်၊ သိမြင်အလုံးစုံ စီရင်ပိုင်သူ
ရှေ့တော်မှောက်၌ (ငါ) ခန္ဓာကိုယ်ကြွေ နောက်ဆုံးနေ့မှာ
ငါ့ရဲ့ဝိညာဉ် အဘယ်နေရာသို့ လှမ်းမည်နည်း ?
အပါယ်ငရဲလား ? ကောင်းကင်ဘုံလား ?

*JORDAN *

ဤ သခင့်စကား စာစောင်ကို မိတ္တူကူး၍ သင့်မိသားစုနှင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများထံ ပေးပို့ခြင်းဖြင့် အမှုတော်မြတ်တွင် ပါဝင်ပါ။